**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# Burma's Weekly Political News Summary (087/2011)
# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၈၇/၂၀၁၁)

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့မှ ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၂၄) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြစ်ဆုံရေကာတာ စီမံကိန်းကိစ္စအား လွှတ်တော် အသီးသီး ပေါ်ပေါက်နေပြီ ဖြစ်သည့် အတွက် လွှတ်တော်နှင့် အစိုးရ အဖွဲ့၏ မူဝါဒ အဆုံးအဖြတ် အတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဟု လျှပ်စစ် ၁ ဝန်ကြီး ဦးဇော်မင်းက စက်တင်ဘာ ၁၇ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (Mizzima 190911) Read More...
- ဧရာဝတီ မြစ်ဆုံ ရေကာတာ စီမံကိန်းအတွက် တရုတ်နိုင်ငံမှ ဆောက်လုပ်ရေး ပစ္စည်းများ တင်သွင်းမှုကို ပိတ်ဆို့ခြင်း မပြုရန်နှင့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တပ်ဖွဲ့ဝင်များက ဖယ်ရှားပေးရန် မြန်မာအစိုးရက လွန်ခဲ့သည့်အပတ်တွင် သတိပေး ပြောကြားခဲ့သည်။ (Irrawaddy 200911) Read More...
- ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တော်တွင် ကျင်းပနေသော (၃၂) ကြိမ်မြောက် အာဆီယံ ပါလီမန်အမတ်များ ညီလာခံကို တက်ရောက်နေသည့် ပြည်ထောင်စု လွှတ်တော် နာယက ဦးခင်မောင်မြင့်က မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်အနေဖြင့် လွှတ်တော် နိုင်ငံရေးတွင် ပါဝင်လာမည်ဆိုပါက ကြိုဆိုရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ (RFA 200911) Read More...
- အလုပ်သမား သမဂ္ဂ၊ လယ်သမားသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂစသည့် လူမှုအဖွဲ့အစည်းများကို လက်ရှိအခြေအနေအရ ဖွဲ့စည်းခွင့် မပေးနိုင်သေးကြောင်း အစိုးရသစ် ပြောရေးရဟုဂ္ဂိုလ် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဦးကျော်ဆန်းက စက်တင်ဘာ ၂၁ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (DVB 210911) Read More...
- မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နေခြင်းသည် နိုင်ငံတကာမှ နစ်သက်မှုထက် ပြည်သူလူထုမှ ကျေနပ်မှုရရန် အရေးကြီးကြောင်း AIPA ခေါ် အာဆီယံ ပါလီမန်များညီလာခံကို တက်ရောက်နေသည့် မြန်မာနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြောသည်။ (VOA 220911) Read More...
- နိုင်ငံရေးအကျဉ်းသားကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် နိုင်ငံရေးကြောင့်လား၊ ပစ်မှုကြောင့်လားဆိုသည့် အသုံးအနှုန်း အငြင်းပွား ဖွယ်ရာကိစ္စရပ်များရှိနေပြီး ၈၈ အရေးအခင်းနောက်ပိုင်း ဖမ်းဆီးခံသူများကို ဆူပူမှုများဖြစ်ပေါ်ခြင်းမရှိပါက ပြန်လွှတ်ပေး မည်ဖြစ်ကြောင်း ပြည်ထောင်စု လွှတ်တော်နယက ဦးခင်အောင်မြင့်က ပြောသည်။ (BBC 220911) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဉာဏ်ပညာ အင်မတန် ထက်မြက်သူဖြစ်သည့်အတွက် မိမိတို့ အင်မတန် လေးစားရပါကြောင်း သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေးဆိုင်ရာ အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်က ပြောကြား လိုက်သည်။ (RFA 220911) Read More...
- မြန်မာအစိုးရက နိုင်ငံရေးအကျဉ်းသားမရှိဟု အစဉ်တစိုက် ပြောဆိုနေသော်လည်း နိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံမှုတိုင်းတွင် နိုင်ငံရေးအကျဉ်းသား အနည်းငယ်သာရှိသည်ဟု ပြောဆိုမှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီ

စောင့်ရှောက်ရေးအသင်း (AAPP) ၏ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က အစိုးရသည် နိုင်ငံရေး အကျဉ်းသားအများစုကို ရာဇဝတ်ပုဒ်မများတပ်၍ ဖမ်းဆီးထားခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသား အရေအတွက် နည်းစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ (Irrawaddy 220911) Read More...

- မြန်မာအစိုးရကို လက်နက်ကိုင် တော်လှန်နေသော မွန်ပြည်သစ်ပါတီနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အစိုးရမှ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းနေရာတွင် မွန်ပြည်သစ်ပါတီခေါင်းဆောင်ဟောင်းများလည်း ပါဝင်လာသည်ဟု မွန်ပြည်နယ် အစိုးရနှင့် နီးစပ်သော သတင်းရပ်ကွက်များက ပြောသည်။ (Mizzima 230911) Read More...
- မြန်မာအစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားမရှိကြောင်း ယူဆသော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းက မိမိတို့နှင့်တွေ့ဆုံတိုင်း ၎င်းကိစ္စကို အလေးထားပြောဆို နေကြသည့်အတွက် မိမိတို့ကလည်း အရေးတယူ စဉ်းစားနေပါကြောင်း သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေးဆိုင်ရာ အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်က ပြောကြားလိုက်သည်။ (RFA 240911) Read More...

ကြံ့ဖွံ့ပါတီ

- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူဒေသတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)မှ ပါတီဝင်များသည် လွန်ခဲ့သည့်ရက်ပိုင်းတွင် ပါတီဝင်အသစ်များကို လိုက်လံစည်းရုံးလျှက်ရှိသည်ဟု ဒေသခံများက ပြောသည်။ (KIC 190911) Read More...

တပ်မတော်

(က) စစ်ဆင်ရေးများ

- အစိုးရ စစ်တပ် ခမရ ၃၅၇ နှင့် ကရင်နယ်ခြားစောင့်တပ် ၁၀၁၇ တပ်ဖွဲ့တို့ ပူးပေါင်းပြီး မြဝတီမြို့မြောက်ပိုင်းရှိ ရွှေကုက္ကိုရ်ရွာ ကြားတွင် အခြေစိုက်သည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တပ်ရင်း ၉၀၇ နှင့် ကရင်အမျိုးသား အစည်းအရုံး KNU တပ်ရင်း ၁၀၁ တို့ကို အဝေးပစ် မော်တာများ မောပြန်သေနပ်များနှင့် အပြင်းအထန် ပစ်ခတ်တိုက်ခိုက်နေ သည်ဟု ထိုင်းနယ်စပ် လုံခြုံရေးတာဝန်ရှိသူများက ပြောသည်။ (BBC 210911) Read More...
- စက်တင်ဘာ ၂၂ ရက်နေ့က မြဝတီမြို့၊ သဘောဘိုး ကျေးရွာအနီး တပ်စွဲထားသော ခြေမြန်တပ်ရင်းအမှတ် ၂၀၄ တပ်ဖွဲ့ဝင်များက နယ်မြေ ရှင်းလင်းရေးအတွက် လှုပ်ရှားစဉ် DKBA၊ KNU၊ ABSDF၊ ဖိုမီးနှင့် ရခိုင် ပူးပေါင်းတပ်များနှင့်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်ဘက်က ထိခိုက်ကျဆုံးမှုရှိ ကြောင်း တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် (DKBA) တပ်မဟာ ၅ မှ ဗိုလ်မှူး စန်းအောင်က ပြောသည်။ (Irrawaddy 230911) Read More...
- စက်တင်ဘာ ၂၄ ရက်နေ့တွင် ကျင်းပမည့် မြန်မာတပ်မတော်၏ ဒုတိယလေးလပတ် အစည်းအဝေးပွဲ၌ နယ်စပ်ဒေသရှိ တိုင်းရင်းသား လက်နက်ကိုင်များအပေါ်တွင် ပွင့်လင်းရာသီထိုးစစ်မှုများနှင့် စစ်တိုင်းအသစ် တိုးချဲ့မည့်ကိစ္စများကို ဆွေးနွေးကြရန် အတွက် ဒေသအသီးသီးမှ စစ်တိုင်းမှူးများ၊ တပ်မမှူး၊ စခကမှူးနှင့် ဒကစမှူးများက နေပြည်တော်ကို ရောက်ရှိနေကြသည်။ (DVB 230911) Read More...
- မြန်မာအစိုးရသည် သျှမ်းပြည်မြောက်ပိုင်းရှိ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA)၊ တပ်မဟာ (၄) ဌာနချုပ်ကို သုံးရက်အတွင်း သိမ်းပိုက်ရန် စစ်အင်အား ၁၀၀၀ ကျော်ပါဝင်သည့် "မုန်တိုင်း ထိုးစစ်" စစ်ကြောင်းကို စက်တင်ဘာ ၂၄ ရက်နေ့က စတင်လိုက်ကာ "ဇွန် ၉ ရက် နောက်ပိုင်းဖြစ်ခဲ့ပွားသည့် တိုက်ပွဲများထဲတွင် ယခုတိုက်ပွဲက မြန်မာစစ်အင်အား အကြီးဆုံးဖြစ်ကြောင်း KIA တပ်မဟာ (၄) အရာရှိတစ်ဦးက ပြောသည်။ (KNG 240911) Read More...

(ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- မြန်မာအစိုးရစစ်တပ်က ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ နမ့်ဖတ်ခ ကျေးရွာသားဖြစ်သည့် ကချင်အမျိုးသား ၁၂ ဦးကို ဖမ်းဆီးထားသည်ဟု ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောသည်။ (Mizzima 190911) Read More...
- တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေသည့် သျှမ်းပြည်နယ် ကျေးသီးမြို့နယ်ထဲတွင် အစိုးရ စစ်တပ် ခလရ ၁၃၁ မှ စက်တင်ဘာ ၁၈ ရက်နေ့က တပ်ရိက္ခာများ ပို့ဆောင်ရာ လွိုင်စောင်ဒေသတွင် ချုံခိုတိုက်ခိုက်ခံရပြီးနောက် ဝမ်းဖိုင်းရွာ ရွာဦးကျောင်းမှ ကိုရင်များနှင့်

ရွာသားများကို အကာအကွယ်ယူကာ ၄င်းတို့ယာဉ်တန်းနှင့်အတူ လိုက်ပါရန် အတင်းအကြပ် ခေါ်ဆောင်သွားသည်ဟု ကျေးသီး ဒေသခံ တစ်ဦးက ပြောသည်။ (DVB 200911) Read More...

- သျှမ်းပြည်တပ်မတော် မြောက်ပိုင်း SSA-N ထိန်းချုပ်ရာ ဒေသများတွင် ယခုရက်ပိုင်းအတွင်း တိုက်ပွဲများရပ်တန့်နေသော်လည်း အစိုးရတပ်ဖွဲ့မှ ရိက္ခာဖြည့်တင်းရာတွင် ဒေသတွင်းရှိ သံဃာတော်များ အပါအဝင် အရပ်သားများကို အသုံးပြုနေသည်ဟု SSA ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူး စိုင်းလက ပြောသည်။ (NMG 210911) Read More...

## (ဂ) ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်ဖွဲ့များ

- မြန်မာအစိုးရ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ဒု တိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းသည် စက်တင်ဘာ ၁၇ရက်နေ့က ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ကရင်နယ်ခြားစောင့်တပ်-BGF ခေါင်းဆောင်တချို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်-DKBA ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးစောလိုးလိုကပြောသည်။ (KIC 200911) Read More...

## လွှတ်တော်များ

- ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၈ ရက်နေ့မှ စတင်ကာ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုများ ယာယီရပ်ဆိုင်းထားသည့် မြဝတီကုန်သွယ်ရေး ဇုန်တွင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်လောက်သည့် အခြေအနေရရှိလာသည့် အချိန်ရောက်မှ ပြန်လည်စတင် မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့်က ပြည်သူ့လွှတ်တော် အစည်းအဝေး အတွင်း မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်အမတ် ဦးသန်းဦး၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။ (EMG 190911) Read More...
- ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးလိုက်သည့် အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရေးဆိုင်ရာ ဥပဒေမူကြမ်းတွင် အလုပ်သမား များအနေဖြင့် ဆန္ဒပြပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသော်လည်း ယင်းကိစ္စကို ကြိုတင်ခွင့်တောင်းရန်နှင့် နိုင်ငံရေးကို အကြောင်းပြုသည့် ဆန္ဒပြမှုမဖြစ်စေရန် အတိအလင်းသတ်မှတ်ထားသည်ဟု ပြည်သူ့လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဦးရဲထွန်းက ပြောသည်။ (BBC 200911) Read More...
- အထက်လွှတ်တော် ပြည်သူ့ ငွေစာရင်းကော်မတီမှ တင်ပြခဲ့သည့် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ကျပ်ငွေ ဘီလီယံပေါင်း ၂,၃၀၀ ကျော်လိုနေသည့် "ရသုံးမှန်းခြေ ငွေစာရင်း" အစီရင်ခံစာနှင့် ပတ်သက်၍ ဆွေးနွေးမည့်သူ မရှိဘဲဖြစ်နေသည်ဟု လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 200911) Read More...
- မြန်မာနိုင်ငံ ပြည်ထဲရေး ဝန်ကြီးဌာနမှ တင်သွင်းမည့် 'ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေမူကြမ်း' တွင် ဆန္ဒပြပွဲ ပါဝင်မည့်သူ ခန့်မှန်းအရေအတွက်နှင့် တရားဟောမည့်သူ၏ ကိုယ်ရေး ရာဇဝင်များကို ကြိုတင် တင်ပြရန် အပါအဝင် ကန့်သတ်ချက်များစွာပါဝင်သည်ဟု နေပြည်တော်တွင် လွှတ်တော် တက်ရောက်နေသော အမတ်များက ပြောသည်။ (Mizzima 230911) Read More...

## အခြားနိုင်ငံရေးပါတီများ

- အငြင်းပွားနေသည့် မြစ်ဆုံဆည်စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန် သင့်မသင့်ကို လွှတ်တော်တခုတည်းဖြင့် ဆုံးဖြတ် မည်ဆိုပါက မှူတသည့် ဆုံးဖြတ်ချက်ဖြစ်မည်မဟုတ်ကြောင်း ရွေးကောက်ပွဲဝင် ဒီမိုကရေစီမိတ်ဆွေများပါတီ ၁၀ ပါတီက စက်တင်ဘာ ၂၀ ရက်နေ့က အစိုးရကို ကြေညာချက်ထုတ်ပြန်တိုက်တွန်းလိုက်ကြောင်း အဖွဲ့ဝင်ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP အထွေထွေအတွင်းရေးမှူး ဦးလှစောက ပြောသည်။ (Mizzima 210911) Read More..., RFA...

အတိုက်အခံအင်အားစုများ (ပြည်တွင်း)

(က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သည့် အပြောင်းအလဲများရှိနေပြီး အာရပ်ကမ္ဘာက လူထုဆန္ဒပြပွဲများကဲ့သို့ လူထုအုံကြွမှုများက မြန်မာ့နိုင်ငံရေးပြဿနာကို အဖြေရှာပေးနိုင်မည်မဟုတ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (RFA 180911) Read More...
- မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် လွတ်လပ်မှုကို ဦးတည်သည့် ကနဦး ခြေလှမ်းများ စတင်ပေါ်ထွက်နေပြီဖြစ်ကြောင်းနှင့် နိုင်ငံတကာအနေဖြင့် မျက်ခြေမပြတ်စောင့်ကြည့်ရန် အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့တွင် ကျင်းပနေသည့် Clinton Global Initiative (CGI) နှစ်ပတ်လည် ညီလာခံတွင် ရုပ်သံမှတဆင့် ပြောကြားလိုက်သည်။ (RFA 210911) Read More...
- စက်တင်ဘာ ၂၁ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက နိုင်ငံရေး အကျဉ်းသားများကို ချွင်းချက်မရှိ လွှတ်ပေးခြင်းအားဖြင့် ရှေ့ဆက်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းများ လမ်းစပေါ်လာရန်အတွက် ဆုတောင်းတိုက်တွန်းလိုက်သည်။ (RFA 210911) Read More...
- "ဧရာဝတီကို ကယ်တင်ပါ" ဟု အမည်ရှိ အနုပညာရှင်များ၏ ပြပွဲ ဖွင့်ပွဲသို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ကြည့်ရှုခဲ့စဉ် ဧရာဝတီမြစ်ကို အခြေခံ၍ ပြည်ထောင်စု ညီညွတ်ရေးဆောင်ရွက်နိုင်ရန် ဆုတောင်းပေးခဲ့ကြောင်း ပြပွဲသို့ တက်ရောက်ခဲ့သည့် ဇာနယ်ဖင်းသမားတစ်ဦးက ပြောသည်။ (Irrawaddy 220911) Read More...
- နိုင်ငံ၏ ကောင်းကျိုးအတွက် လူငယ်များကို ဗဟုသုတနှင့် အသိအမြင် ကြွယ်ဝလာစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်လိုက်သော အောင်ဆန်းပင်လုံ စာဖတ်ခန်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားလိုက်သည်။ (RFA 230911) Read More..., Irrawaddy...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ပြုလုပ်နေသည့် ပရဟိတလုပ်ငန်းများနှင့်ပတ်သက်၍ အစိုးရ အာဏာပိုင်များအနေဖြင့် အားပေးသင့်ကြောင်း ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက စက်တင်ဘာ ၂၃ ရက်နေ့က ကျင်းပခဲ့သည့် အောင်ဆန်းပင်လုံ စာဖတ်ခန်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားလိုက်သည်။ (Mizzima 230911) Read More...

(ခ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- ရန်ကုန်မြို့ရှိ တရုတ်သံရုံးရှေ့တွင် ဧရာဝတီ မြစ်ဆုံရေကာတာစီမံကိန်းအား ကန့်ကွက်ဆန္ဒပြမည့် သတင်းများကြောင့် သတင်း ထောက်များအပါအဝင် လူ ၅၀ ခန့်က ၄င်းသံရုံးရှေ့တွင် သွားရောက်စုရုံးခဲ့သော်လည်း သတင်းအရ အာဏာပိုင်များက ရဲနှင့် စစ်တင် လုံခြုံရေး များ တင်းတင်းကြပ်ကြပ် ကြိုတင်ချထားခဲ့သည့်အတွက် ဆန္ဒပြပွဲ ဖြစ်မြောက်ခြင်းမရှိခဲ့ဟု မျက်မြင်သက် သေများက ပြောသည်။ (RFA 190911) Read More...
- မြစ်ဆုံ ရေကာတာ တည်ဆောက်မှုနှင့်ပတ်သက်ပြီး စက်တင်ဘာ ၂၀ ရက်နေ့က ရန်ကုန်မြို့ တရုတ်သံရုံးရှေ့တွင် တစ်ကိုယ်တော် ဆန္ဒပြမှုပြုလုပ်ခဲ့သည့် ကိုအောင်သိန်းခေါ် ကိုကျော်ဝင်းကို မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အာဏာပိုင်များက ဖမ်းဆီးသွားပြီး ဒဂုံမြို့နယ် ရဲစခန်းတွင် စစ်ဆေးနေသည်ဟု တရုတ်သံရုံးရှေ့ရောက် ရန်ကုန်မြို့ခံ သတင်းထောက်တစ်ဦးက ပြောသည်။ (RFA 200911) Read More...
- မြစ်ဆုံရေကာတာ စီမံကိန်းကို ရပ်ပြီး ဧရာဝတီမြစ်ကို ကာကွယ်ရန် လှုံ့ဆော်သည့်လူငယ်များ၏ ဧရာဝတီဆိုသောပွဲကို ရုပ်ရှင် မင်းသားကြီး ဦးကျော်သူ ဦးဆောင်သည့် နာရေးကူညီမှုအသင်းနှင့် ဧရာဝတီကို ထာဝရ ရှင်သန်စေလိုသူများက စက်တင်ဘာ ၂၃ ရက်နေ့က ရန်ကုန်တိုင်း ဒဂုံမြောက်ပိုင်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ (RFA 230911) Read More...

(ဂ) မီဒီယာ

- မြန်မာပြည်တွင် ပိတ်ပင်ထားသည့် RFA၊ DVB၊ BBC စသည့် အင်တာနက်စာမျက်နှာများကို အစိုးရက ဖွင့်ပေးလိုက် သော်လည်း သတင်းထောက် ၁၇ ဦးကို ဆက်လက် အကျဉ်းချဖမ်းဆီးထားဆဲဖြစ်ပြီး အင်တာနက် မြန်နှုန်းကိုလည်း နှေးကွေးလေးလံနေဆဲ

ဖြစ်နေသည်ဟု ပြင်သစ်နိုင်ငံအခြေစိုက် RSF ခေါ် နယ်စည်းမခြား သတင်းထောက်များအဖွဲ့က စက်တင်ဘာ ၂၀ ရက်နေ့တွင် ထုတ်ပြန် ကြေညာလိုက်သည်။ (RFA 200911) Read More...

- မြစ်ဆုံရေကာတာ စီမံကိန်းနှင့်ပတ်သက်ပြီး ဝန်ကြီးအဆင့် ဆွေးနွေးပွဲအပြီး ပြည်တွင်း မြန်မာသတင်းထောက်များမှ မေးမြန်းခဲ့သည့် အချက်များသည် မှတ်သားလောက်သည့် အခန်းကဏ္ဍများအဖြစ် အရေးပါသည်ဟု ပြည်တွင်းသတင်းစာဆရာများက ချီးကျူး ထောက်ခံပြောဆိုလိုက်သည်။ (RFA 200911) Read More...

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကချင်ပြည်နယ် ပိုင်းမော်မြို့နယ် ဒါးဖော့ တပ်စခန်းကို ကူညီထောက်ပံ့နေသည့် အစိုးရစစ်ကြောင်းကို ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၅ ရက်နေ့မှ စတင်၍ ၂ ရက်ကြာ လိုက်လံတိုက်ခိုက်ခဲ့ကြောင်း KIO တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 190911) Read More...
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် ကွတ်ခိုင်မြို့နယ် မုံးရကျေးရွာအုပ်စု ခေးရာပါအနီးတွင် အစိုးရတပ်နှင့် ဖေါင်းဆိုင်ပြည်သူ့စစ် ပူးပေါင်းစစ်ကြောင်းအား ကချင်လွတ်လပ်ရေးတပ်မတော် KIA မှ စက်တင်ဘာ ၁၈ ရက်နေ့က ခြုံခိုတိုက်ခိုက်ခဲ့ရာ အစိုးရစစ်သည် ၇ ဦးကျဆုံးကာ ၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း KIA အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 210911) Read More...
- စက်တင်ဘာ ၂၀ ရက်နေ့ ည ၁၂ နာရီခန့်က သျှမ်းပြည် (မြောက်ပိုင်း) နမ့်ပေါ့-လားရှိုးလမ်း လုံခြုံရေးတာဝန်ယူနေသည့် ခလရ ၆၈ မှ တပ်ကြပ်ကြီး သန်းဝင်း ဦးဆောင်သည့် တပ်စုစခန်းအား SSA/SSPP က စီးနင်းတိုက်ခိုက်ခဲ့ရာ တပ်ကြပ်ကြီး သန်းဝင်းအပါအဝင် ၆ ဦးကျဆုံးကာ ၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း SSA အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 220911) Read More...
- ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်းရှိ ရွှေပြည်သစ်ရဲဘက်အကျဉ်းစခန်းကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA က စက်တင်ဘာ ၂၁ ရက်နေ့က ဝင်ရောက်စီးနင်းပြီး အကျဉ်းသား ၅၅ ဦးကို လွှတ်ပေးခဲ့ရာတွင် တပ်ပြေး ၁၆ ဦးနှင့် KIA အဖွဲ့ဝင် ၂ ဦးနှင့် ပြစ်မှုကျူးလွန်သူများ ပါဝင်သည်ဟု KIO ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောသည်။ (BBC 220911) Read More...
- ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် နားနိုင်းကျေးရွာအနီးတွင် ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်း တပ်ရင်းအမှတ် ၇၂၆ နှင့် အစိုးရတပ် တပ်ရင်း ၅၀၆ တို့အကြား စက်တင်ဘာ ၂၂ ရက်နေ့က ၁၅ မိနစ်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကြောင်းမှူး အပါအဝင် ၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း SSA မြောက်ပိုင်း၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး စိုင်းလုက ပြောသည်။ (RFA 230911) Read More...

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းသည့် ၂၃ နှစ် ပြည့်သည့်နှစ်ပတ်လည်နေ့နှင့် ရွှေဝါရောင် သံဃာ့လှုပ်ရှားမှုကြီး ၄ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အမေရိကန် ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်တဝိုက်နှင့် နယူးယောက်မြို့မှ သံဃာတော်များနှင့် မြန်မာနိုင်ငံသားမိသားစု ၈၀ ခန့်က မြန်မာသံရုံးရှေ့တွင် စက်တင်ဘာ ၁၇ ရက်နေ့က စုပေါင်းဆန္ဒပြခဲ့ကြသည်။ (RFA 180911) Read More...
- ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ တည်ဆောက်ကြရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB မှ စက်တင်ဘာ ၂၁ ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့တွင် ပြည်တွင်းငြိမ်းချမ်းရေးအပါအဝင် အချက် ၆ ချက်ပါ ကြေညာချက် တစ်စောင်ကို ထုတ်ပြန်လိုက်သည်။ (KIC 210911) Read More...
- အမေရိကန်၊ အီးယူ၊ ကနေဒါ စသည့် ချမ်းသာသောနိုင်ငံများအနေဖြင့် ဆင်းရဲသော နိုင်ငံများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရာတွင်တွင် GSP အစီအစဉ်အရ အခွန်လျှော့ပေးသည့် အထွေထွေဦးစားပေးအခွင့်အရေးများသည် မြန်မာနိုင်ငံကို ပေးအပ်ရန်မသင့်လျော်သေးကြောင်း မြန်မာနိုင်ငံဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUB) က စက်တင်ဘာ ၁၉ ရက်နေ့ တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (RFA 190911) Read More...
- မြန်မာနိုင်ငံ တိုင်းရင်းသား ဒေသများတွင် အပစ်အခတ် ရပ်စဲရေးအတွက် နိုင်ငံတကာ အစိုးရများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ မြန်မာအစိုးရကို ဖိအားပေးတိုက်တွန်းပေးရန် ပြည်ပရောက် ကရင်တိုင်းရင်းသားအဖွဲ့အစည်းများက စက်တင်ဘာ ၁၉ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ (RFA 190911) Read More...
- ကချင်ပြည်နယ်တွင်းရှိ မြစ်ဆုံရေကာတာ စီမံကိန်းကို ရပ်တန့်ပေးရန် မလေးရှားနိုင်ငံရောက် မြန်မာ့နိုင်ငံရေးအင်အားစုများဖြစ်သည့် ဗိုမီးအမျိုးသမားကွန်ဂရက်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD (လွတ်မြောက်နယ်မြေ) နှင့် ကချင် အမျိုးသားအစည်းအရုံး စသည့်အဖွဲ့ ၄ ဖွဲ့မှ ဦးဆောင်ပြီး ဆန္ဒပြပွဲတရပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးတွင်

ကျင်းပရာ သံရုံးရှေ့ ခွင့်ပြုချက်မရသဖြင့် စက်တင်ဘာ ၂၂ ရက်နေ့ သံရုံးဘေး ပလက်ဖောင်းပေါ်တွင် ကျင်းပခဲ့သည်။ (DVB 220911) Read More…

နိုင်ငံတကာ

(က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- မြန်မာအစိုးရသစ်အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အပြုသဘောဆောင်သော သဘောထားများ ဆက်လက်ရရှိမည့် အခွင့်အလမ်းကို လက်လွှတ်မခံသင့်ကြောင်း ကုလသမဂ္ဂ အထွေအထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။ (Irrawaddy 190911) Read More…, RFA…
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသံကို အလေးထားပြီး မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ် အရှေ့တောင်အာရှနိုင်ငံများအသင်းအာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ နေရာ ပေးရေးမပေးရေးကို ဆုံးဖြတ်သွားမည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောဆိုလိုက်ကြောင်း AP သတင်းတပုဒ်တွင် စက်တင်ဘာ ၂၀ ရက်နေ့က ရေးသားပြထားသည်။ (Irrawaddy 200911) Read More…, RFA…, VOA…
- ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပနေသည့် အာဆီယံ ပါလီမန်များဆိုင်ရာ အထွေထွေညီလာခံတွင် မြန်မာနိုင်ငံကို Asean Inter-Parliamentary Assembly ၏ တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည့်အပေါ် မြန်မာ့အရေး ဆောင်ရွက်နေသည့် အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ AIPMC က စိုးရိမ်မကင်း ဖြစ်မိသည့်အကြောင်း ထုတ်ဖော် ပြောဆိုလိုက်သည်။ (VOA 210911) Read More…

(ခ) အစိုးရ

- ထိုင်း မြန်မာနယ်စပ်က မြန်မာဒုက္ခသည်များအတွက် အမေရိကန် ပြည်ထောင်စုက အကူအညီများဆက်လက် ပံ့ပိုးသွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်တတိယနိုင်ငံရွှေ့ပြောင်း အခြေချရေး အစီအစဉ်အတွက်လည်း ဒုက္ခသည် တစ်သောင်း ခေါ်ယူမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး Kristie Kenney က စက်တင်ဘာ ၂၀ ရက်နေ့က ပြောကြားလိုက်သည်။ (RFA 210911) Read More…
- တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျဲချီက မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် စက်တင်ဘာ ၂၀ ရက်နေ့ တွေ့စည်းမှုတွင် ၂ နိုင်ငံ မဟာဗျူဟာမြောက် အကျိုးတူ ဆက်ဆံရေး တိုးတက်လာရေးအတွက် ၂ နိုင်ငံ အဆင့်မြင့်အရာရှိချင်း စဉ်ဆက်မပြတ် ဆက်ဆံရေး ထားရှိရန်၊ ၂ နိုင်ငံ အကျိုးတူ စီမံကိန်းများကို ပြီးမြောက်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့်ဒေသတွင်း ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့သည်ဟု တရုတ်အစိုးရ ဆင်ဟွာသတင်းဌာနက ဖော်ပြလိုက်သည်။ (RFA 210911) Read More…
- မြန်မာနိုင်ငံတွင် အပြောင်းအလဲများကို တွေ့မြင်နေရပြီဆိုသော်လည်း ယင်းအပြောင်းအလဲများက အချိန်မရွေး နဂိုလမ်းကြောင်းဘက်ကို ပြန်လှည့်သွားနိုင်သည့်အတွက် နီးနီးကပ်ကပ် သတိထားစောင့်ကြည့်ကြရန် အမေရိကန် နိုင်ငံခြားရေးဌာန၏ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ် ကမ့်ပ်ဘဲလ်က ပြောကြားလိုက်သည်။ (VOA 220911) Read More…

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် သတင်းမီဒီယာများကို ဆက်လက်ပြီး တင်းတင်းကျပ်ကျပ် စိစစ်ဖြတ်တောက်နေခြင်းသည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဆန့်ကျင်နေကြောင်း သတင်းစာဆရာများ ကာကွယ်စောင့်ရှောက်ရေးကော်မတီ CPJ က စက်တင်ဘာ ၂၀ ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ (RFA 200911) Read More…
- မြန်မာနိုင်ငံတွင် အပြောင်းအလဲများ ပြုလုပ်မည့်အကြောင်း သမ္မတဦးသိန်းစိန်က ကတိပြုထားသော်လည်း နောက်ယုက်ဟန့်တားမှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း ICG ခေါ် "နိုင်ငံတကာ ပဋိပက္ခ လေ့လာရေး အဖွဲ့" က ပြောဆိုလိုက်သည်။ (RFA 240911) Read More…

- မြန်မာနိုင်ငံတွင် အပြောင်းအလဲများဖြစ်နိုင်သည့် လက္ခဏာများ ရှိနေပြီဟု အချို့က ပြောသော်လည်း ကမ္ဘာ့တရားမျှတရေးအဖွဲ့ GJC က မြန်မာနိုင်ငံတွင် အပြောင်းအလဲမဖြစ်နိုင်သေးကြောင်း အဖွဲ့ ဥက္ကဋ္ဌ မစ္စက် ဘန်းရှုက ပြောကြားလိုက်သည်။ (BBC 240911) Read More…

---

***End of report/ Saturday, September 24, 2011***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***

---